ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**

**ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်၊ ကျောက်မျက်ရတနာအချောထည်နှင့် ရုပ်တုရုပ်ထွင်းများပြုလုပ်ခြင်းလုပ်ငန်းလိုင်စင်နှင့် ကျောက်မျက်ရတနာအရိုင်း၊ အချောများ ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့် လျှောက်လွှာတင်သွင်းရန်**

**ကြေညာချက် ( ၁ / ၂၀၂၃ )**
**၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက် )**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ချထားပေးလျက်ရှိသော ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်၊ ကျောက်မျက်ရတနာအချောထည်နှင့် ရုပ်တုရုပ်ထွင်းများပြုလုပ်ခြင်းလုပ်ငန်းလိုင်စင်နှင့် ကျောက်မျက်ရတနာ အရိုင်း၊ အချောများရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် လုပ်ငန်းများဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၃)လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားနိုင်ပါသည်။ လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၁)လထက်နောက်မကျစေဘဲ သက်တမ်းတိုး ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲလိုလျှင် ယင်းလုပ်ငန်းမရပ်စဲမီ (၁)လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လုပ်ငန်းများဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ကြောင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ လိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ မိုးကုတ်တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော်ရေးဌာန၊ လုံးခင်း/ ဖားကန့်တူးဖော်ရေးဌာနနှင့် မြစ်ကြီးနားစခန်းရုံးတို့နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) **၂၀၂၃ ခုနှစ်အတွက် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း။** လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူများသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၁)လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ မိုးကုတ်တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော်ရေးဌာန၊ လုံးခင်း/ဖားကန့်တူးဖော်ရေးဌာနနှင့် မြစ်ကြီးနားစခန်းရုံးတို့တွင် သတ်မှတ်ချက်များနှင့် အညီလျှောက်လွှာများ တင်သွင်းရပါမည်။ **(၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ခုနှစ်အတွင်း သက်တမ်း**

**ကုန်ဆုံးခဲ့သည့် လိုင်စင်များအနေဖြင့် သက်တမ်းတိုးဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ရန်။)**

(ခ) **လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမပြုလိုသူများ။**

(၁) လုပ်ငန်းမရပ်စဲမီ (၁)လ ကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များပြန်လည်အပ်နှံကြရန်ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသော အရောင်းပြေစာစာအုပ် (CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၁)လ ကြိုတင်၍ လာရောက် ဆက်သွယ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ မိုးကုတ်တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော်ရေးဌာန၊ လုံးခင်း/ဖားကန့်တူးဖော်ရေးဌာနနှင့် မြစ်ကြီးနားစခန်းရုံးတို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

လိုင်စင်လုပ်ငန်းဆောင်ရွက်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

| | | |
|---|---|---|
| နေပြည်တော်ရုံးချုပ် | - | ၀၆၇ ၃၄၁၄၃၄၂၊ ၀၆၇ ၃၄၁၄၃၈၂ |
| ရန်ကုန် | - | ၀၁ ၆၆၅၀၉၂ |
| မန္တလေး | - | ၀၉ ၄၃၀၈၇၅၆၉ |
| မိုးကုတ် | - | ၀၈၆ ၂၂၂၁၁၁၅ |
| မိုင်းရှူး | - | ၀၉ ၄၂၅၄၀၄၉၂၈ |
| လုံးခင်း/ဖားကန့်တူးဖော်ရေးဌာန | - | ၀၉ ၄၅၅၃၃၉၇၄၁ |
| မြစ်ကြီးနား | - | ၀၇၄ ၂၅၂၂၄၃၁၊ ၀၇၄ ၂၅၂၀၄၉၉ |

## လုပ်ငန်းလိုင်စင်များ(သက်တမ်းတိုး) လျှောက်ထားရာတွင် လိုအပ်မည့် အချက်အလက်များ

- **သက်တမ်းတိုးလျှောက်ထားရာတွင်**

(၁) လုပ်ငန်းလိုင်စင်ကတ်မိတ္တူ(၃)စုံ၊

(၂) လိုင်စင်ဓာတ်ပုံ(၂)ပုံ၊

(၃) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စုံ

(၄) အိမ်ထောင်စုစာရင်းမိတ္တူ(၁)စုံ(အရိုင်း၊ အချောလိုင်စင်ရယူထားသူများ တိုက်ဆိုင်စစ်ဆေးရန်အတွက် မူရင်းယူဆောင်လာရန်)

(၅) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (မူရင်း)နှင့် မိတ္တူ(၃)စုံ

(၆) ပြည်တွင်းအခွန်များဦးစီးဌာနတွင် သတ်မှတ်အခွန်အခများ ပေးဆောင်ထားမှု ငွေသွင်းချလန် မိတ္တူ(၁)စုံ၊ (ကြိုတင်ဝင်ငွေခွန်၊ ရတနာခွန်၊......)

- **သက်တမ်းကျော်လွန်ပါက-**

သက်ဆိုင်ရာရုံးခွဲများတွင် အောက်ပါအတိုင်း သက်တမ်းလွန်ဒဏ်ကြေး ပေးသွင်းပြီးမှသာ လျှောက်ထားနိုင်မည်ဖြစ်သည်-

| | | |
|---|---|---|
| (၁) | ကျောက်မျက်ရတနာအချောထည်နှင့်လက်ဝတ်ရတနာ ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင် **(၁နှစ်)** | ၅၀၀၀၀/- |
| (၂) | ကျောက်မျက်ရတနာအချောထည်နှင့် ရုပ်တု ရုပ်ထွင်းများပြုလုပ်ခြင်းလုပ်ငန်းလိုင်စင်**(၁နှစ်)** | ၃၀၀၀၀/- |
| (၃) | ကျောက်မျက်ရတနာ အရိုင်း၊ အချောများ ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင်**(၁နှစ်)** | ၃၀၀၀၀/- |

- **အရောင်းပြေစာစာအုပ်(CASH MEMO)ရယူထားသူ(ရတနာဆိုင်)ဖြစ်ပါက-**

(၁) ရောင်းချရမှုအပေါ် သတ်မှတ်အခွန်အခများပေးဆောင်ထားသည့် ချလန်( မိတ္တူ ) များနှင့်အတူ ပြေစာစာအုပ်ကို စစ်ဆေးခံရမည်။

(၂) နိုင်ငံခြားသုံးငွေစာရင်းစာအုပ် မိတ္တူ၊

- **ရတနာဆိုင်/ အချောထည်လုပ်ငန်း အမည်/လိပ်စာပြောင်းလဲမည် ဆိုပါက-**

(၁) ကိုယ်တိုင်ရေးလျှောက်လွှာ

(၂) ပြောင်းလဲဖွင့်လှစ်မည့် အမည်/ လိပ်စာတွင် ဖွင့်လှစ်ထားရှိကြောင်း ( ၄ x ၆ ) ဓာတ်ပုံ(၂)ပုံ

(၃) ဌာနမှ အဖွဲ့ဖြင့် လာရောက်စစ်ဆေးမည်ဖြစ်သည်။